## အခန်း (၁)

# ပုံစံသစ်ဖြင့် ဆုံးဖြတ်ခြင်း

"ဆရာကြည်၊ လာ ဒီမှာထိုင်"

"ဟာ ကိုသီဟ၊ ကိုစည်သူနဲ့ ကိုတေဇလည်း ပါသကိုး၊ ခင်ဗျားတို့ ဘယ်တုန်းက စုမိနေကြတာလဲဗျ။ ကျွန်တော်က ဒီနေ့မှ စိတ်ကူးပေါက်ပြီး ထွက်လာခဲ့တာ၊ အိမ်မှာနေလည်း ယောင်ချာချာဖြစ်နေလို့ အသိမိတ်ဆွေနဲ့တွေ့လည်း ပတ်လိုက်မယ်၊ မတွေ့လည်း ဒရိုက်(ဖ်) ကလေးလောက်ကျင့်ပြီး ပြန်မယ်လို့ စဉ်းစားထားတာ အခုတော့ အတော်ပဲ"

"မင်းကသာ အခုမှ စိတ်ကူးပေါက်နေတာ၊ ငါတို့က မင်းကိုမျှော်နေတာ တစ်နှစ်လောက်ရှိပြီ"

"ဘယ်လို၊ တစ်နှစ်ဟုတ်လား၊ ကျွန်တော် အငြိမ်းစားယူပြီးတော့ ရွှေပြည်သာအိမ်မှာ ပြန်နေတာတောင် တစ်လမပြည့်သေးဘူးဗျာ၊ ခင်ဗျားတို့က ဒီဂေါက်ကွင်းမှာ တစ်နှစ်ကြိုစောင့်နေတယ်ဆိုတော့–"

"သိပ်ဟုတ်တာပေါ့ သူငယ်ချင်းရ၊ မင်းက ငါတို့ထက် တစ်နှစ်ငယ်တယ်လေ၊ ဒီတော့ ပင်စင်ယူတာ တစ်နှစ်နောက်ကျမှာပေါ့။ ပင်စင်ယူပြီးတဲ့အခါ လူတိုင်း ပင်စင်နာဖြစ်ကြတယ်လေ၊ သူငယ်ချင်းပြောသလို ဘာလုပ်ရမှန်းမသိဘဲ ယောင်ချာချာဖြစ်နေတဲ့ရောဂါပေ့။ ကိုယ်ကလုပ်ချင်ကိုင်ချင်ပေမဲ့လည်း ဩဇာအာဏာမရှိတော့ လုပ်သမျှအကောင်အထည်မပေါ်၊ ကိုယ်ပြောတဲ့စကား နားထောင်မယ့်လူကလည်း မရှိ၊ အဖွားကြီးတွေက တော်သေးတယ်။ နဂိုအတိုင်း အိမ်မှုကိစ္စတွေ ဆက်လုပ်လို့ရတယ်။ ဘုရားတရားကိစ္စလည်း အချိန်ပေးနိုင်ကြတယ်၊ ငါတို့ကျတော့ အိမ်မှုကိစ္စလည်း မလုပ်ချင်၊ ဘာသာရေးကိစ္စအတွက်ကျတော့လည်း အချိန်အကန့်အသတ်နဲ့သာ လုပ်ချင်ကြတာဆိုတော့ ပင်စင်နာရောဂါ ပိုထိတာပေ့။ ဂေါက်ကွင်းဟာ တို့ပင်စင်နာဝေဒနာသည်တွေအတွက် အကောင်းဆုံး နာလန်ထစခန်းပဲလေကွာ၊ ဒီတော့ မင်းက ငါတို့နောက် တစ်နှစ်အကြာမှာ ဒီကိုရောက်လာရမယ်ဆိုတာ မသေချာဘူးလား"

"တော်ပါပေတယ်ဗျာ၊ စစ်ကျောင်းတွေမှာ သင်လိုက်တဲ့ စစ်ရေးသုံးသပ်ချက်တွေကို အငြိမ်းစားယူပြီးတဲ့အထိ အသုံးချတတ်လို့လည်း ညွှန်ချုပ်ဆိုတဲ့ ရာထူးကြီးအထိ ရခဲ့ပေတာပဲ"

"မင်းက တပ်မတော်ကျောင်းအုပ်ကြီးဘဝက အငြိမ်းစားယူခဲ့တာဆိုတော့ စစ်ကျောင်းတွေရဲ့ အခန်းကဏ္ဍကို မြင့်တင်နေပြန်ပါပြီ။ ဒါပေမဲ့ စစ်ရေးသုံးသပ်ချက်ကတော့ ငါတို့ဖြတ်သန်းခဲ့ရတဲ့ စစ်မြေပြင်မှာကော၊ စစ်ဘက်၊ နယ်ဘက်လုပ်ငန်းခွင်အားလုံးမှာ တကယ့်ကို အသုံးဝင်တာ အမှန်ပဲ"

"ကိုသီဟပြောတာ ငါလည်း သဘောတူတယ်ကွ၊ ငါ တိုင်းမှာ ဥက္ကဋ္ဌလုပ်တုန်းက အရေးကြီးတဲ့ ဆုံးဖြတ်ချက်မှန်သမျှကို ချတော့မယ်ဆိုရင် အော်တိုမက်တစ် စစ်ရေးသုံးသပ်ချက်လုပ်ပြီး ချလိုက်တာပဲ၊ အမှားအယွင်းနည်းတယ်ကွ"

"မင်းတို့က အတိတ်ကိုသတိရပြီး ပြန်ပြောနေကြတာပါ၊ ငါက အခုလုပ်နေတဲ့ စီးပွားရေးလုပ်ငန်းအားလုံးကို ဒီစစ်ရေးသုံးသပ်ချက်နည်းအတိုင်း စဉ်းစားပြီး စွန့်သင့်တာ စွန့်လုပ်တာပဲ၊ မင်းတို့သိတဲ့အတိုင်း ငါ့ကုမ္ပဏီ ဘယ်တုန်းက ကွဲခဲ့သလဲ"

"အငြိမ်းစား ဥက္ကဋ္ဌကြီး ဦးတေဇနဲ့ လုပ်ငန်းရှင်ကြီး ဦးစည်သူတို့ဆီက ဒီလိုစကားသံတွေကြားရတာ ကျွန်တော်လို ကျောင်းဆရာတစ်ယောက်အတွက် သိပ် ပီတိဖြစ်တယ်ဗျာ။ ကျွန်တော် ပျိုးထောင်ပေးလိုက်တဲ့ တပ်မတော်အရာရှိတွေအားလုံးဟာ ခင်ဗျားတို့လိုပဲ စစ်ရေးသုံးသပ်ချက်ဘာသာရပ်ကို နယ်မြေမရွေး၊ ဒေသမရွေး၊ အချိန်မရွေး ရာသက်ပန် အသုံးချနိုင်ကြလိမ့်မယ်လို့ ပိုပြီး မျှော်လင့်နိုင်လို့ပေါ့ဗျာ။ တပ်မတော်က သင်ပေးလိုက်တဲ့ စစ်ရေးသုံးသပ်ချက်ဆိုတာ ပြဿနာရပ်များ ဖြေရှင်းနည်း၊ ဒါမှမဟုတ် ဆုံးဖြတ်ချက်ပြုလုပ်နည်းလို့လည်း ခေါ်နိုင်တာပေါ့၊ (ကန့်သတ်၊ ရည်ရွယ်၊ စုသယ်ကြံဆ ဆုံးဖြတ်ကြ) ဆိုတဲ့ ကဗျာကလေးကိုတော့ မမေ့ကြသေးဘူးထင်တယ်။ ကန့်သတ်ချက်က ဘာတွေရှိနေသလဲ၊ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်းသိအောင် လုပ်ရမယ်။ ရည်ရွယ်ချက်နဲ့ပတ်သက်သော အကျုံးဝင်သောအချက်များကိုစုဆောင်းရမယ်။ ပကတိအဖြစ်မှန်အကြောင်းအချက်ပေါ် အခြေခံပြီး (ဒီတော့ ဘာဖြစ်သလဲ) ဆိုတဲ့ မေးခွန်းနဲ့ဖော်ထုတ်ပြီး နည်းလမ်းများကို ကြံဆရမယ်၊ နည်းလမ်းများမှ ဖြစ်နိုင်ခြေရှိမှုနှင့် အရေးကြီးမှု၊ အစီအစဉ်အရ ရည်ရွယ်ချက်နဲ့ တိုက်ဆိုင်ပြီး ဆုံးဖြတ်ချက်ချ၊ စီမံချက်ရေးဆွဲရမယ်ဆိုတာ ကျွန်တော်တို့အားလုံးရဲ့ ဘဝအတွေ့အကြုံတွေအရ အဖိုးအတန်ဆုံး စကားလုံးလေးတွေပဲနော်"

"ဆရာကြည်တော့ လုပ်ပြီ။ ငါတို့ ဗိုလ်လောင်းတွေ မဟုတ်တော့ပါဘူးကွာ၊ တရားနာရင်း ရေတွင်းထဲပြုတ်ကျနေတဲ့ဒကာကို ရေတွင်းဘောင်ပေါ်ကနေပြီး ဆက်တရားဟောတဲ့ ရေတွင်းဘောင်ဆရာတော်လို ဆရာကြည်ကလည်း တို့ကို တီခုံပေါ်ရောက်တဲ့အထိ လက်ချာပေးနေတုန်းပါလားဟေ့"

"နောက်ဆုံးကျင်းမှာ ကျင်းစိမ်တာ တစ်တောင်လောက်ကလေးမဝင်တာသိပ်နာသွားတယ်၊ တခြားကျင်းတွေ ကောင်းလာလျက်သားနဲ့"

"ဂယ်ရီပလေရာရဲ့နည်းကတော့ ကျင်းနဲ့ဘောလုံး တစ်ပြိုင်နက်တည်း မကြည့်ရဘူးတဲ့၊ သူဆိုရင် ဘောလုံးကို ကျင်းစိမ်တော့မယ်ဆိုရင် ကျင်းကိုမမြင်ရအောင် မျက်နှာလွှဲထားတယ်တဲ့၊ စာအုပ်ထဲမှာ ဖတ်ဖူးတာပြောပြတာနော် ကိုတေဇ၊ ဆရာကြည့်အမြင်လည်း ပြောစမ်းပါဦး"

"ခင်ဗျားတို့နှစ်ယောက် ပြောတဲ့စကားကို ကျွန်တော်စဉ်းစားနေတာဗျ၊ ဒါဟာ ဆုံးဖြတ်ချက်နဲ့ဆိုင်တယ်လို့ထင်တယ်၊ အဝေးက ကျင်းစိမ်တဲ့အခါကျတော့ လမ်းကြောင်းနဲ့အကွာအဝေးကို မှန်မှန်ကန်ကန်ချိန်ဆပြီး ယတိပြတ် ဆုံးဖြတ်နိုင်တယ်။ ဒါကြောင့် တစ်ခါတည်းဝင်ချင်လည်းဝင်မယ်၊ မဝင်လည်းလက်ခံနိုင်တဲ့ အကွာအဝေးအတွင်း ရောက်သွားတယ်။ အနီးကပ်လာတဲ့ကျင်းကျတော့ ကျင်းရော ဘောလုံးရောမြင်နေရတော့ မြေအနိမ့်အမြင့်အနေအထား၊ မြက်အနေအထား၊ ကျင်းအနေအထား ကြိုတင်ပြီး တွက်ဆသုံးသပ်ထားချက်နဲ့ မျက်စိထဲ လက်ငင်းမြင်နေရတဲ့ အမြင်ကြားမှာ ဘယ်ဟာကအမှန်ဆိုတာ မဆုံးဖြတ်နိုင်တော့ဘူး။ ဆုံးဖြတ်ချက်မမှန်တော့ လွဲသွားတာပေါ့။ ဒါကြောင့် ဂယ်ရီပလေရာက ဆုံးဖြတ်ချက်ပြတ်သားအောင် ကျင်းကို မျက်နှာလွှဲပြီး ကြိုတင်တွက်ဆ သုံးသပ်ချက်အတိုင်း ရိုက်တာဖြစ်မှာပေါ့"

"ဒီလို အသေးအဖွဲကိစ္စလေးတွေမှာတောင် အမြန်စစ်ရေးသုံးသပ်ပြီး ဆုံးဖြတ်ရမလို ဖြစ်နေပြီ"

"ဟုတ်တာပေါ့ဗျာ၊ အမြန်စစ်ရေးသုံးသပ်ချက်ဆိုတာ ကျွန်တော်တို့အားလုံး သင်ခဲ့ကြရတာပဲ။ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းမှာကိုပဲ စနစ်တကျ ဆုံးဖြတ်တတ်ဖို့လိုတယ်လေ။ ဒီအသက်အရွယ်ရောက်လာမှ ရမ်းတုတ်မှန်းတုတ်လုပ်ဖို့မသင့်ဘူး၊ စိတ်လိုက်မာန်ပါလုပ်ဖို့ မသင့်ဘူးပေါ့၊ ကားလမ်းကူးတဲ့အခါ၊

ကားမောင်းတဲ့အခါမျိုးလည်း လိုတာပဲ၊ နေထိုင်မကောင်းလို့ ဆေးသောက်တော့မယ်ဆိုလည်း လိုတာပဲ၊ အသေးအဖွဲကိစ္စပေမဲ့ တစ်ချက်မှားသွားရင် အသက်ပါသွားမယ်လေ၊ ကျွန်တော်တို့ စစ်သားဟောင်းတွေ အားလုံးဓာရဏပရိတ်တော့ ရကြဦးမှာပါ၊ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတစ်ဆယ့်ရှစ်ပါးထဲမှာ ကာယကမ္မံ၊ ဝစီကမ္မံ၊ မနောကမ္မံ ကံသုံးပါးဖြင့် ပြုအပ်သောအမှုတိုင်းမှာ ဉာဏနုပရိဝတ္တံ ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်လို့ ဆိုထားတယ်မဟုတ်လား၊ ဘယ်လိုကိစ္စမျိုးမှာမဆို အမှားအယွင်းလုံးဝကင်းစင်စေတဲ့ အကြောင်းရင်း တစ်ရပ်ပဲလို့ ကျွန်တော် နားလည်ခံယူတယ်”

“မင်းဆိုလိုတဲ့သဘောက ဘာလုပ်လုပ် သုံးသပ်ပြီးမှ လုပ်ရမယ့်သဘောဖြစ်နေပြီ။ ဒီလို သာမန်လူသားတွေက ဘယ်လိုလုပ်ပြီး နေရာတိုင်းမှာ သုံးသပ်နိုင်ပါ့မလဲ။ သုံးသပ်တယ်ဆိုတာ **အချက်အလက်**တွေ စုရမယ်၊ **ဖော်ထုတ်ချက်**တွေ လုပ်ရမယ်၊ **နည်းလမ်း**တွေ ရှာရမယ်၊ ပြီးမှ **ဆုံးဖြတ်ချက်**ချ **စီမံချက်**ဆွဲရတာမျိုး မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒီအဆင့်တွေတော့ မလွဲမသွေဖြတ်ကျော်ရမှာပဲ။ ဒါပေမဲ့ အလွယ်တကူနဲ့ အလျင်အမြန်ကျော်ဖြတ်နိုင်ရမယ်၊ အဝေးထိန်းခလုတ်ကလေး တစ်ချက်နှိပ်လိုက်တာဟာ တီဗီအတွင်းမှာရှိနေတဲ့ ဓာတ်စီးပတ်လမ်းတွေ မြောက်မြားစွာထဲမှာ လျှပ်စီးဓာတ်အားဟာ သူ့အဆင့်တွေအတိုင်း မလွဲမသွေစီးဝင်သွားစေပြီး ကြည်လင်တဲ့ အရုပ် အသံ ပေါ်လာစေသလို အလုပ်ကိစ္စတစ်ခု ရှိလာခဲ့အခါ ကိုတေဇပြောတဲ့ အဆင့်ငါးဆင့်စလုံး ဦးနှောက်ထဲမှာ အလိုအလျောက် စဉ်းစားပြီးသား ဖြစ်သွားမှ တိကျပြတ်သားတဲ့ ဆုံးဖြတ်ချက်ပုံ ပေါ်လာမယ်”

“ငါ့စိတ်ထင်တော့ကွာ လူတိုင်းဟာ ဒီလိုဆုံးဖြတ်ချက်ချနည်းကို အလွယ်တကူတော့ လုပ်မရဘူးထင်တယ်”

“အလွယ်တကူတော့ မရတာမှန်ပါတယ်၊ ဒါပေမဲ့ ဆုံးဖြတ်ချက်ချနည်းကို လူတိုင်း သင်ယူလို့ရပါတယ်၊ လူမျိုးမရွေး၊ အဆင့်အတန်းမရွေး၊ အတတ်ပညာမရွေး၊ ကြီးငယ်မဟူ သင်ယူနိုင်ပါတယ်၊ အသက်ကြီးတိုင်း၊ ပညာတတ်တိုင်း၊ အဆင့်အတန်းမြင့်တိုင်းလည်း ဆုံးဖြတ်ချက် အမြဲမှန်ကြတာမဟုတ်ပါဘူး။ ဆုံးဖြတ်ချက်ချနည်းကို စနစ်တကျသင်ထားမှ ဆုံးဖြတ်ချက်မှန်မှာဗျ”

“အတွေ့အကြုံ ရင့်ကျက်သူနှင့် မရင့်ကျက်သူ ဆုံးဖြတ်ချက်ချရာမှာတော့ ရင့်ကျက်သူက ပိုမမှန်နိုင်ဘူးလား”

“ပညာတတ်တဲ့ပုဂ္ဂိုလ်၊ရင့်ကျက်တဲ့ပုဂ္ဂိုလ်တွေက အလုပ်လုပ်တဲ့နေရာမှာ နည်းစနစ်ကောင်းတွေရဲ့ တန်ဖိုးကို ပိုနားလည်တတ်ကြတော့ သူတို့ရဲ့ဆုံးဖြတ်ချက်က ပိုမှန်နိုင်ပါတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက် ချနည်းကို စနစ်တကျ သင်ကြားတတ်မြောက်မထားရင် ဆုံးဖြတ်ချက်မှာ အမှားအယွင်းတွေ ရှိနိုင်သေးတာပါပဲ”

“ဆရာကြည်ကတော့ ဆုံးဖြတ်ချက်ချနည်းကို သင်ဖို့ချည်းပဲ ပြောနေတာပဲ။ ဆုံးဖြတ်ချက်ချနည်းမှာ (ကန့်သတ်၊ ရည်ရွယ်၊ စုသယ်ကြံဆ၊ ဆုံးဖြတ်ကြ) ဆိုတာရယ်၊ အကျုံးဝင်သော အချက်ကြီးများကို ရှာဖွေဖော်ထုတ်ချက်များလုပ်၊ နည်းလမ်းများရွေးချယ်ပြီးတော့မှ ဆုံးဖြတ်ချက်ချ ဆိုတာကလွဲလို့ ဘာများသင်စရာရှိသေးလို့လဲ”

"ကိုတေဇ စိတ်တော့မဆိုးနဲ့ပေါ့ဗျာ၊ အရွယ်လွန်နေတဲ့ ကျွန်တော်တို့တစ်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အမှားက အဲဒါပဲ၊ ဒါတွေကို ငါတို့သင်ခဲ့ကြပြီးပြီ၊ လက်တွေ့လည်း လုပ်ခဲ့ကြပြီးပြီ၊ အံတိုနေပြီဆိုတဲ့ အယူအဆဟာ ကိုယ့်အတတ်ပညာ ကိုယ့်အတွေ့အကြုံကို ကိုယ့်ဘာသာကိုယ် ကန့်သတ်ပစ်ရာကျနေတယ်။ ဥပမာတစ်ခုပြောရရင်ဗျာ – လူဆိုတဲ့သတ္တဝါဟာ ဘယ်အချိန်ကတည်းက ပြေးတတ်၊ ခုန်တတ်၊ ပစ်တတ်၊ ရေးကူးတတ်ကြတာလဲ၊ အတိအကျတော့ ကျွန်တော်လည်းမသိဘူး၊ နှစ်ပေါင်း သန်းနဲ့ချီကြာနေပြီဆိုတာတော့ သေချာတယ်၊ ဒါပေမဲ့ ကမ္ဘာ့အမြန်ဆုံး အပြေးသမား၊ အမြင့်ဆုံး အခုန်သမား၊ အဝေးဆုံး အပစ်သမား၊ အသန်ဆုံး ရေကူးသမားတွေကတော့ ကျွန်တော့အသက် တစ်ဝက်လောက်တောင် မရှိသေးတဲ့ မျက်မှောက်ခေတ် လက်ရွေးစင်လူငယ်တွေပဲ။ သူတို့ဟာ ယခင့်ယခင်က တင်ခဲ့တဲ့ စံချိန်တွေကို အမြဲချိုးနိုင်နေကြတယ်။ ဘာကြောင့်လဲ၊ သုတေသနပညာရှင်တွေက နှစ်ပေါင်းများစွာ သုတေသနပြုနေကြပြီး နည်းစနစ်မျိုးတွေက သော့ချက်ချတဲ့ အချက်ကလေးတွေကို အစဉ်တစိုက် ပြုပြင်ပေးမှုကြောင့် စံချိန်သစ်တင်နိုင်နေတာပေါ့၊ အားကစားလောကမှာ နည်းစံနစ်ကောင်းတွေ အစဉ်အမြဲ ဖြစ်ပေါ်နေပြီး စံချိန်တွေ အစဉ်အမြဲတိုးနေသလို ကျန်တဲ့ အသိပညာ၊ အတတ်ပညာနယ်ပယ်တွေမှာလည်း ဒီလိုပါပဲ၊ ရပ်တန့်မနေပါဘူး၊ ကျွန်တော်တို့ သင်ကြားနာယူစရာတွေ အများကြီး ရှိနေပါသေးတယ်"

"ကမ္ဘာလောကကြီးမှာ နည်းပညာတွေ၊ နည်းစံနစ်တွေ အစဉ်တစိုက်တိုးတက်နေတယ်ဆိုတာတော့ ဘယ်သူမှ ငြင်းလို့မရပါဘူး၊ ဒါပေမဲ့ တို့နှုတ်ကျိုးနေသလို စစ်ရေးသုံးသပ်ချက်ပဲခေါ်ခေါ်၊ ပြဿနာဖြေရှင်းနည်းပဲဆိုဆို ဆုံးဖြတ်ချက် ချမှတ်ခြင်းလို့ပဲခေါ်ခေါ် ဒီလုပ်ငန်းစဉ်ကလေးမှာတော့ သိပ်ကြီးကြီးကျယ်ကျယ် ပြောင်းလဲတိုးတက်စရာအကြောင်း မရှိဘူးလို့ ငါထင်တာပဲ၊ သူ့ဘာသာသူ ပြည့်စုံနေပြီပဲ"

"မဟုတ်သေးဘူး ကိုတေဇ၊ မဟုတ်သေးဘူး၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်ကစပြီး ဒီပညာဟာ အကြီးအကျယ်ပြောင်းလဲတိုးတက်ခဲ့ပြီ။ အရင်က ဆုံးဖြတ်ချက်ချမှတ်ခြင်းကို စစ်တပ်မှာသာ စစ်ရေးသုံးသပ်ချက် ဘာသာရပ်အဖြစ် သင်ခဲ့ကြတာ၊ တခြားဌာနတွေမှာ စံနစ်တကျ သင်တာတောင် မရှိခဲ့ဘူး။ အခု ကမ္ဘာမှာ ရေပန်းအစားဆုံးပညာရပ်ဖြစ်နေပြီ။ အမ်ဘီအေလို့ခေါ်တဲ့ စီးပွားရေး စီမံခန့်ခွဲမှု မဟာဝိဇ္ဇာသင်တန်းတွေဟာ အလုပ်အကိုင်အတွက် အာမခံချက်အရှိဆုံး ပညာရပ်ဆိုတာ ခင်ဗျားတို့အားလုံး သိပြီးသားပါ။ အဲဒီသင်တန်းတွေမှာ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် သင်ကြားနေကြရပြီ။ နောက်ဆုံးပေါ် တိုးတက်မှုတွေကို ကျွန်တော်ကိုယ်တိုင် လိုက်မမီဘူး ဖြစ်နေတယ်"

"မင်းပြောတာ လိုရင်းမရောက်ဘူးကွာ၊ ငါသိချင်တာက ဆုံးဖြတ်ချက် ချမှတ်တဲ့အလုပ်မှာ ဘာတွေ တိုးတက်လာသလဲဆိုတာပဲ"

"ဟုတ်ပါပြီ၊ ကျွန်တော်လည်း အဲဒါပြောမလို့ပါပဲ၊ ကျွန်တော်တို့ နားလည်ကျင့်သုံးနေကြတဲ့ ဆုံးဖြတ်ချက်ချနည်းတွေက ရှေးရိုးနည်းတွေဗျ၊ **စည်းမျဉ်းခံပုံစံ** (**Prescriptive Model**) လို့ ခေါ်တယ်။ ကြိုတင်သတ်မှတ်ပေးထားတဲ့ပုံစံ ၊ အရည်အတွက် ကန့်သတ်ချက်အတိုင်း စဉ်းစားရတယ်။ ဥပမာ – အင်အားနှိုင်းယှဉ်ချက်၊ အင်အားနှိုင်းယှဉ်ချက်မှ ဖော်ထုတ်ချက်၊ မြေအခြေအနေ၊ မြေအခြေအနေမှ ဖော်ထုတ်ချက် စသည်ဖြင့် ကြိုတင်သတ်မှတ်ထားသော စည်းမျဉ်းစံနစ်အတိုင်း လိုက်နာကြရတယ်။ ဒီလို စဉ်းစားတာကိုပဲ အလုပ်ဖြစ်ပါတယ်လို့ပြောရင်တောင် တကယ်တမ်းကျတော့ အခြားနည်းလမ်း မစဉ်းစားတတ်လို့ ဒီနည်းလမ်းကိုပဲ အကောင်း ပြောနေရတာပါ။ စိတ်ထဲမှာတော့ ဘဝင်မကျစရာတွေ အများကြီးရှိ

နေတာပဲ မဟုတ်လား။ အကျုံးဝင်တဲ့အချက်တွေ ပြည့်ပြည့်စုံစုံ မဖော်ထုတ်မိလို့ နည်းလမ်းရွေးခါနီးကျမှ လိုရာဆွဲဆုံးဖြတ်ခဲ့ရတာမျိုးတွေ၊ နည်းလမ်းအရင် စဉ်းစားပြီးမှ ဖော်ထုတ်ချက်ကို ပြောင်းပြန် လုပ်ခဲ့ရတာတွေ ခင်ဗျားတို့လည်း ကြုံခဲ့ရမှာပါပဲ”

“ဟုတ်တယ်လေကွာ၊ ငါတို့ကျောင်းမှာတုန်းက ကိုစည်သူက စီမံချက်ဆွဲတယ်၊ ငါက ပုံဆွဲတယ်၊ မင်းက သုံးသပ်ချက်ရေးတယ်၊ ကိုသီဟက လက်ဖက်သုတ်တယ်လေ ဟား ဟား ဟား”

“တစ်ယောက်တည်း စဉ်းစားရမယ့်အလုပ်ကို လေးယောက်ဝိုင်းလုပ်တာတောင် တို့ရဲ့သုံးသပ်ချက်က ပြည့်စုံရဲ့လား၊ ဟာကွက်မရှိအောင် စေ့စပ်သေချာရဲ့လား၊ ရွေးချယ်စရာနည်းလမ်းတွေ ပြည့်စုံသည်၊ မပြည့်စုံသည်ကို ဆန်းစစ်နိုင်ရဲ့လား၊ အခြေအနေတစ်ရပ်အတွက် လက်ခံနိုင်ဖွယ် အဖြေရရုံလုပ်ခဲ့ကြတာ မဟုတ်ဘူးလား၊ ငါတို့အဖွဲ့တင်မကပါဘူး၊ ဘယ်အဖွဲ့၊ ဘယ်သူ့ရဲ့သုံးသပ်ချက်မဆို ဟာကွက်ထောက်ကွက် အများကြီးရှိနေတာပဲ။ နည်းပြက ခြုံငုံဆွေးနွေးတဲ့အခါမှာတောင် ဘဝင်မကျစရာတွေ အများကြီးကျန်နေတာပဲ၊ တကယ်တော့ ဒီလိုဖြစ်ရတာက အချိန်မလုံလောက်မှု ပြဿနာပဲ။ စည်းမျဉ်းခံပုံစံရဲ့ အားနည်းချက်က အချိန်အများကြီး ပေးရတာပဲလေ။ ဒီလောက် အမြတ်အစွန်း အလောတကြီးဖြစ်နေပြီး ရှုပ်ထွေးပွေလီနေတဲ့ ကမ္ဘာလောကကြီးထဲမှာ ရိုးစင်းလွန်းလှတဲ့ စည်းမျဉ်းခံပုံစံနဲ့သာ ပြဿနာအားလုံးကို အဖြေရှာနေမယ်ဆိုရင် ရှားရှားပါးပါးသာ အောင်မြင်မှုရနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်”

“မင်း အဲဒီတုန်းက ဘာလို့ ဒီအကြောင်း မပြောတာလဲ”

“အဲဒီတုန်းက ကျွန်တော်လည်း ခင်ဗျားတို့လိုပဲ စောစောပြီးရင် စောစောပြန်နိုင်ဖို့ အဓိက၊ ဆုံးဖြတ်ချက်လုပ်တယ်ဆိုတာ ဒီတစ်နည်းပဲ ရှိတယ်လို့လည်း သိထားတာကိုးဗျ၊ ဘယ် စောဒက တက်ဝံ့ပါမလဲ၊ **သရုပ်ဖော်ပုံစံ** (**Descriptive Model**) ဆုံးဖြတ်ချက်နည်းကတော့ ခေတ်သစ်မှာ တိုးတက်ဖြစ်ထွန်းလာတဲ့ ဆုံးဖြတ်ချက်ချနည်း စနစ်တစ်ခုပါပဲ။ ဦးစီးတက္ကသိုလ်က ကျောင်းဆင်းပြီး တစ်နှစ်လောက်ကြာမှ စာအုပ်တစ်အုပ်ထဲမှာ ကံအားလျော်စွာဖတ်ကြည့်မိရာက တကယ့် အသုံးတည့်တဲ့ ပညာရပ်ဖြစ်ကြောင်း သိလာခဲ့ရတာ။ ဒါနဲ့ ကျွန်တော်လည်း အလားတူ စာအုပ်မျိုးတွေကို အငမ်းမရ လိုက်ရှာဖတ်ကြည့်ဖြစ်တော့တာပဲ”

“ဆိုစမ်းပါဦး၊ မင်းရဲ့ သရုပ်ဖော်ပုံစံအကြောင်း”

“သရုပ်ဖော်ပုံစံဆိုတာကတော့ အလွယ်ပြောရရင် ဘောင်ခတ်ပြီးစဉ်းစားတဲ့နည်းပဲ။ စည်းမျဉ်းခံပုံစံက ဘောင်ခတ်မထားခဲ့ဘူး၊ ရည်ရွယ်ချက်နဲ့ပတ်သက်တဲ့ အကျုံးဝင်တဲ့အချက်တွေ၊ ဖော်ထုတ်ချက်တွေ၊ နည်းလမ်းတွေအားလုံးကို စနစ်တကျ ရနိုင်သလောက် စဉ်းစားရမယ်။ ဒါပေမဲ့ ဘယ်တော့မှ စိတ်တိုင်းကျ မဖြစ်ဘူး။ အချိန်မလုံလောက်တာရယ်၊ ဦးနှောက်ထဲမှာ အချက်အလက်တွေနဲ့ ပြည့်လျှံနေတာကြောင့် ဒီအချက်တွေ စုံ၊ မစုံ၊ မှန်၊ မမှန် မစစ်နိုင်ခဲ့ဘူး။ လက်ခံနိုင်ဖွယ်အဖြေတစ်ခုရရင် ကျေနပ်လိုက်ရတယ်။ ဒီအားနည်းချက်ကိုသိတဲ့ ဆုံးဖြတ်ချက်သုတေသီတချို့က လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်ကစပြီး ပိုမိုတိုးတက်တဲ့ ဆုံးဖြတ်ချက်ချနည်းကို ရှာဖွေခဲ့ကြတယ်။ နယ်ပယ်အသီးသီးမှာ ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာအမျိုးမျိုးကို တကယ့် တကယ် ဉာဏ်ကြီးရှင်တွေက ဘယ်လိုအဖြေရှာခဲ့ကြသလဲ၊ ဘယ်လို ကိုင်တွယ်ဖြေရှင်းခဲ့ကြသလဲဆိုတာကို အသေးစိတ် သုတေသန ပြုခဲ့ကြတယ်။ ဒီ သုတေသနပြုချက်ကနေ သာမန်လူများကို အကောင်းဆုံး ဆုံးဖြတ်နိုင်သူများ ဖြစ်လာအောင် ဘယ်လိုပြုပြင်ပေးရမလဲဆိုတာ ဆက်လက်လေ့

လာဖော်ထုတ်ကြတယ်။ သူတို့ရဲ့ လေ့လာမှုကိုလည်း **အပြုအမူနဲ့ဆိုင်တဲ့ဆုံးဖြတ်ချက်အယူအဆ** (**Behavioral Decision Theory**) လို့ ကင်ပွန်းတပ်ကြတယ်။ လူတွေရဲ့ အမှန်တကယ် ပြုမူခဲ့ပုံကို လေ့လာစောင့်ကြည့်ခြင်းအားဖြင့် ထွက်ပေါ်လာတဲ့ နည်းလမ်းဖြစ်လို့ပဲ။ ဒီနည်းလမ်းက အချိန်ကုန်သက်သာတယ်၊ ပြဿနာအများအပြားကို ဆက်တိုက်ဖြေရှင်းနိုင်တယ်။ ဘောင်ခတ်ပြီးစဉ်းစားရတယ်ဆိုတော့ ခေါင်းမနောက်ဘူး"

"ဒါဆို တို့ အလေ့အကျင့်ဖြစ်နေတဲ့ စည်းမျဉ်းခံပုံစံက ခေတ်ကုန်သွားပြီလား၊ သုံးမရတော့ဘူးလားကွာ"

"ဟာ ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော်ပြောနေတာ ဆုံးဖြတ်ချက်ချနည်းပုံစံ နှစ်မျိုးရှိတယ်လို့ပြောတာ၊ နှစ်မျိုးစလုံး သုံးလို့ရပါတယ်။ သူ့နေရာနဲ့သူ သုံးရမှာပေါ့။ စည်းမျဉ်းခံပုံစံကျင့်သုံးရင် ဆုံးဖြတ်ချက်ချမှတ်သူတစ်ယောက်ဟာ ဂဏန်းသင်္ချာသဘောဆောင်သော ပုံစံမျိုးကို အသုံးပြုပြီး ဆုံးဖြတ်ချက်များကို စည်းကမ်း နည်းလမ်းအတိုင်း ဖော်ပြရန် အားသန်ကြတယ်။ သရုပ်ဖော်ပုံစံကို အသုံးပြုသူတစ်ယောက်ဟာ လက်တွေ့ တွေ့ရှိရတဲ့ ပြဿနာများကို ဘောင်ကန့်သတ်ပြီး ဖြေရှင်းရန် အားသန်ကြတယ်"

"ဘယ်လိုပုံစံပဲသုံးသုံး အဖြေမှန်၊ ဆုံးဖြတ်ချက်မှန်ဖို့ကလိုရင်းပဲမဟုတ်လား။ ဒါဆို ကိုယ်သန်ရာပုံစံ ကိုယ်သုံးကြဆိုတဲ့ သဘောလား"




"ဒါလည်း မဟုတ်သေးဘူးဗျ၊ ကျွန်တော်တို့ တစ်ရက်တစ်ရက် ဆုံးဖြတ်နေရတဲ့ ပြဿနာတွေ ဘယ်လောက်ရှိသလဲ၊ ယခုခေတ် မန်နေဂျာတစ်ယောက်ဟာ တစ်မိနစ်အတွင်း မတူညီသော ပြဿနာကိုးခုလောက် အမြဲဖြေရှင်းနေရတယ်လို့ သုတေသနပညာရှင်တွေက ဆိုထားတယ်။ အကြီး၊ အငယ်၊ အလတ်

မြောက်များစွာသော ပြဿနာတွေကို စည်းမျဉ်းခံပုံစံချည်း သုံးနေလို့အချိန်ဘယ်ရပ့်မလဲ၊ ဦးနှောက်လဲ မခံနိုင်ဘူး၊ ပြီးပြည့်စုံမှုလဲ မရှိဘူး။ သရုပ်ဖော်ပုံစံကျတော့ ထိုးထွင်းဉာဏ်နဲ့ ချိန်ဆမှုကိုသုံးပြီး အကန့်အသတ်နဲ့ဖြေရှင်းနိုင်တယ်။ ဒီပုံစံနှစ်ခုကို ပေါင်းစပ်ပြီး စေ့စပ်တဲ့ ဆုံးဖြတ်ချက်သုတေသီတွေက အချိန်ပေးသင့်တဲ့နေရာမှာ ပေးပြီး မပေးသင့်တဲ့နေရာမှာ မပေးရအောင် တိကျမှု၊ မှန်ကန်မှုလဲရှိ၊ လွယ်ကူမှုလဲရှိတဲ့ ခေတ်သစ်ဆုံးဖြတ်ချက်ချနည်းတွေ ပြုစုထားပြီး အသင့်ရှိနေပါပြီဗျ။ ကျွန်တော်တို့က ရွေးပြီး ခပ်ပြီး သုံးစွဲတတ်ဖို့ပဲ လိုပါတော့တယ်”